# ဥုဒ္ဒစ်နေ့ ဘုရားရှိခိုး

## (၁) ပဋိသန္ဓေယူတော်မူသောနေ့ (ကြာသပတေးနေ့)

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊ နတ်ပြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည့်၊
နတ်, လူ ငြိမ်းဖို့ကိန်းပါကို . . .။

## (၂) ဖွားတော်မူသောနေ့ (သောကြာနေ့)

သန္ဓေယူကာ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊
မဟီလှိုက်ဆူ၊ ဖွားတော်မူသည့်၊
နတ်လူအောင်မြို့လမ်းပါကို . . .။

## (၃) တောထွက်တော်မူသောနေ့ (တနင်္လာနေ့)

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊
ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊
ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊
စုံမြိုင်ပင်ရိပ် ခမ်းမှာကို ။ ။ ။။

## (၄) ဘုရားဖြစ်တော်မူသောနေ့ (ဗုဒ္ဓဟူးနေ့)

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မငြီးကြည်ဖြူ၊ နေတော်မူလျက်၊

ရန်မြူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်ကာ၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည့်၊
သုံးဖော်လူတို့ ငြိမ်းပါကို ။ ။ ။။

## (၅) ဓမ္မစကြာဟောတော်မူသောနေ့ (စနေနေ့)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွှေဖဝါး၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊
ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည့်၊
တရားနတ်စည်၊ ရွှမ်းတယ်ကို ။ ။ ။။

## (၆) ပရိနိဗ္ဗာန်စံတော်မူသောနေ့ (အင်္ဂါနေ့)

တရားနတ်စည်၊ ဆော်ရွှမ်းလည်ကာ၊
သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊

ကျွတ်ထိုက်သသူ၊ နတ်, လူ, ဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊
စံနိုင်းမယုတ်၊ ကုသိနာရုံ၊
အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊
အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊
စံတော်မူသည်၊ ဂုန်းဆူသောင်းလုံး
ကျော်တယ်ကို ။ ။ ။။

## (၇) တေဇောဓာတ်လောင်တော်မူသောနေ့ (တနင်္ဂနွေနေ့)

နိဗ္ဗူစံပြီး၊ ရှမအီသား၊
သိင်္ဂီရွှေလျော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊
ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊
မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို ။ ။ ။။

## ဆုတောင်း အမျှဝေ

ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊
ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊
သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊
ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊
ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊
ကျွန်ုပ်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း
ကြွယ်စေသော် ။ ။ ။ ။

အဆုံးဘဝ၊ တိုင်ပြန်ကလည်း
ပညာ့အရာ၊ ဘိဓမ္မာနှင့်၊
ကြေညာကျော်ကြား၊ လူအများကို၊
တရားစည်ကြီး၊ ခြိမ့်ခြိမ့်တီး၍၊
မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည့်၊
နိဗ္ဗာန်အောင်မြို့ ရောက်စေသော်။

သုံးလူ့ထွတ်ထား၊ မြတ်တရားနှင့်၊
ရှစ်ပါးသံဃာ၊ ရတနာကို၊
သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊
ရှိခိုးပါရ၊ ဤပုညကြောင့်၊
ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊

ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊
ဆယ်ဖြာအညီ၊ ပါရမီနှင့်
ဆယ်လီပုည၊ မြတ်ဓမ္မလည်း၊
နိစ္စရှင်ဖြိုး၊ နေ့စဉ်တိုးသည်၊
သက်ဖိုးကြာမြင့် ရှည်စေသော်။

ဘဝတဖန်၊ ဖြစ်တုံပြန်လည်း
လေးတန်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊
ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊
သာသနာလျှင်၊ ရောင်ဝါထိန်ဝင်း
လင်းရာတမူ၊ လူကောင်းနတ်ကောင်း၊
ဘဝကောင်း၌၊ ညွတ်ညောင်းသန္ဓေ၊
တိဟိတ်နေ၍၊ ဆွေလယ်မျိုးလယ်၊
တန်ခိုးကြွယ်သည်၊ လ နှယ်ထွန်းတင့်ပါစေသော်။

အသိအလိမ္မာ၊ ဉာဏ်ပညာနှင့်၊
သဒ္ဓါသီလ၊ သုတပြည့်ဖြိုး၊
ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဖော်၊
သတင်းကျော်လျက်၊ သူတော်တို့နှုန်း၊
ကျင့်ထုံးတရား၊ အမှားမလိုက်၊
စရိုက်စင်ဖြူ၊ အလှူရေစက်၊
လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊

မယုတ်ကြိုးစား၊ လေးပါးပြဟ္မစိုရ်၊
ရွှန်းရွှန်းစိုသည့်၊ ကုသိုလ်ကိုယ်လုံးထုံစေသော်။
ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊
ငါးအင်မာရ်စစ်၊ အောင်ပွဲလှစ်၍၊
ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျက်
ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊
သုံးလူ့သခင်၊ မိတေးရှင်ကို၊
မျက်မြင်ဖူး၍၊ အထူးကြည်ညို၊
ဘုန်းရိပ်ခိုသည့်၊ မဂ် ဖိုလ် နိဗ္ဗာန်ရောက်စေသော်။

သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊
ရှစ်ပါးသံဃာ၊ အရိယာအား၊
ရတနာမိုး၊ ရွာသွန်းဖြိုး၍၊
ကိုးပါးခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊
အာရုံချီးကျူး၊ နှတ်လျှာမြူး၍
ကြည်နူးဆွဆွ၊ ရှိခိုးရသည့်၊
ပုညကုသိုလ်၊ အဖို့ကိုလည်း
မွေးမိခင်နှင့်၊ ဖခင် ဆရာ၊
ဉာတကာက၊ သတ္တဝါအများ၊
နတ်တို့အားလည်း ရငြားပါစေ၊
အမျှဝေသည့်၊ ကောင်းထွေ သာဓုခေါ်စေသော်။

***လယ်တီဆရာတော်***

## ဝိသုဒ္ဓိမဂ်လာနည်းကို အမှီပြု၍ မေတ္တာပွားနည်း

ရုပ်နာမ်နှစ်ဖြာ ငါ့ခန္ဓာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
တရားကျင့်ပါ ယောဂီမှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
(ဆွေမျိုးမတော်သောလိင်တူလေးစားစရာ ပုဂ္ဂိုလ်ကိုအာရုံပြု)။
ဂုဏ်တော်အနန္တာ မြတ်ဆရာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မိဘနှစ်ဖြာ ဂုဏ်နန္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဆွေမျိုးရင်းချာ အားလုံးမှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မိတ်ဆွေသဟာ အားလုံးမှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မချစ်မမုန်းပါ ပုဂ္ဂိုလ်မှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။
မုန်းစိတ်ဝင်ပါ ပုဂ္ဂိုလ်မှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ရန်သတ္တုပြုပါ ပုဂ္ဂိုလ်မှာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့အိမ်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့ကျောင်းတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့ရွာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့မြို့တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့နိုင်ငံတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့ကမ္ဘာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

တို့စကြာဝဠာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

အနန္တစကြာဝဠာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။